## “တစ်ဆင့်ချင်းတက်လှမ်း အောင်ပန်းသည် လက်တစ်ကမ်း”

**နီမီကို (နည်းပညာ)**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရှိ၊ မရှိကို ထိုနိုင်ငံရှိ ပြည်သူများ၏ စားဝတ်နေမှု အဆင့် အတန်း၊ မိသားစုဝင်ငွေပမာဏ၊ ပညာရည်ဖွံ့ဖြိုးမှု၊ ကျန်းမာကြံ့ခိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ စသည့် စံသတ်မှတ်ချက်များစွာကို ပြည့်ပြည့်ဝဝဖော်ဆောင်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ကြိုးစား ရုန်းကန်နေရဆဲသာ ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံလူဦးရေ၏ (၇၀)ရာနှုန်းသော ပြည်သူများသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လာပါသည်။ တစ်ဆက်တည်းမှာပင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များသည်လည်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ် များနှင့်အတူ တစ်ပါတည်းပါဝင်လာခဲ့သည်။




ထို့ကြောင့်ပင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် လူထု ဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အထူးအလေးပေးဆောင်ရွက်နေခဲ့တာဖြစ်သည်။

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသည် အခြေခံ အကျဆုံး လိုအပ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများကိုယ်တိုင် စီမံခန့်ခွဲနိုင်စွမ်း၊ ဆောင်ရွက်နိုင်စွမ်းများရရှိလာပြီး မိမိ မိသားစု၊ မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်လာစေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါသည်။ ထိုနည်းတူ အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက် လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေရန်အတွက်အသက်မွေးဝမ်းကျောင်းပညာရပ်

ဆိုင်ရာသင်တန်းများကိုမွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကွပ်ကဲမှု အောက်ရှိ ဦးစီးဌာနအသီးသီးမှ သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါသည်။

သည်သို့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေရခြင်း၏ အဓိကအကြောင်းတရားမှာ ခိုင်မာ မြဲမြံသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိပိုင်ဆိုင်နိုင်ရန်အတွက်လိုအပ်သည့် အခြေခံ အုတ်မြစ်များကို တစ်ဆင့်ခြင်း၊ တစ်ရစ်ခြင်းတည်ဆောက်နေခြင်းပင်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်စေ၊ နိုင်ငံသားတစ်ဦးချင်း၏ ဘဝ တိုးတက်မြင့်မားလာစေရန်အတွက် ဖြစ်စေ နေ့ချင်းညချင်း တစ်မုဟုတ်ချင်း ဖန်တီးယူ၍ မရနိုင်ပါချေ။ ထို့အတူ "ခုရေတွင်းတူး၊ ခုရေကြည်သောက်"ချင်၍လည်း မရနိုင်ပါချေ။ "လက်ဖက်ကောင်းစားချင် ပလောင်တောင်တက် နေးရသည်" ဆိုသကဲ့သို့ပင် အခြေခံအုတ်မြစ်ခိုင်ခိုင်မာမာဖြင့် တစ်ဆင့်ချင်း တက်လှမ်းမှသာ ခိုင်မာသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမှာဖြစ်ပါသည်။

တက်စုံရှက်ကုန်ဖွင့်နိုင်ရန်စွမ်းဆောင်ရည်ပြည့်ဝခြင်းဟူသည့်တက်မသည် နိုင်ငံသားတိုင်း အတွက် အလိုအပ်ဆုံးအရည်အသွေးဖြစ်သကဲ့သို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင် နိုင်ရန်အတွက် စက်ဆီ၊ ချောဆီနှင့်ပမာညီသည့် ငွေကြေးအရင်းအနှီးသည်လည်း မရှိမဖြစ် ပင်မ အုတ်မြစ်ဖြစ်ပါသည်။ထို့ကြောင့်ပင် ကျေးလက်နေပြည်သူများတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုအပ်သည့် ငွေကြေး အရင်းအနှီးများကို ဖန်တီးပေးနိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်လျက် ရှိပြီး မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် တစ်ရွာလျှင် ကျပ်သိန်း (၃၀၀) နှုန်းဖြင့် စီမံကိန်းကျေးရွာများ စနစ်တကျရွေးချယ်၍ ရန်ပုံငွေထူထောင်ပေးလျက်ရှိပါသည်။ အထိုက် အလျောက် အောင်မြင်မှုများရရှိလျက်ရှိသည်ကိုလည်း တွေ့မြင်နေရပြီဖြစ်ပါသည်။

နယ်မြေဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုသည်လည်း များစွာ အရေးပါသည့်အတွက် ကျေးလက်လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လူထုဗဟိုပြုစီမံကိန်းအနေဖြင့်လည်း ကမ္ဘာ့ဘဏ်၏ အကူ အညီဖြင့် စီမံကိန်းမြို့နယ်များရွေးချယ်ပြီး ယင်းဒေသ၏ လိုအပ်ချက်ပေါ်တည်၍ အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် ဘက်စုံထောင်စုံမှ နည်းလမ်းပေါင်းစုံသုံး၍ စနစ်တကျချီတက်လျက်ရှိ နေသည်ကို သတိပြုမိကြစေချင်ပါသည်။ ထို့အတူ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊

တိုးတက်မြင့်မားရေးဟူသည် “အရှင်မွေး နေ့ချင်းကြီး” ဆိုသကဲ့သို့ နေ့ချင်းညချင်း ပဒေသပင် သီးသည့်အလား ဖန်တီး တည်ဆောက်၍ မရစကောင်းသည်ကိုလည်း သတိချပ်မိစေချင်ပါသည်။ ယခုအချိန်သည် ပန်းတိုင်လည်းရှိ လမ်းလည်းသိသည့်အချိန်အခါဖြစ်လေရာ ဖြည်းဖြည်းနှင့် မှန်မှန် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို တစ်ထစ်ချင်း တက်လှမ်းခြင်းဖြင့်သာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုတည်ဆောက်နိုင်မှာဖြစ်ပါကြောင်း အပြု သဘောဖြင့် တင်ပြအပ်ပါသည်။